# "လမ်းရှည်သည်ထက် မေတ္တာကပို၍ရှည်သည်"

ကျွန်ုပ်တို့၏ ကူမင်း-ဘန်ကောက်လမ်းမကြီးကို သရုပ်ဖော်ခြင်း"ကို ခေါင်းစဉ်အဖြစ်ထားသော နိုင်ငံတကာဓာတ်ပုံ၊ ဆောင်းပါးပြိုင်ပွဲကြီးကို ဩဂုတ်လ၂၇ရက်နေ့တွင် စတင်ခဲ့ပြီးဖြစ်သည်။

ယခုအကြိမ်ပြိုင်ပွဲကို ယူနန်နေ့စဉ်သတင်းစာလုပ်ငန်းအုပ်စု၊ ယူနန်ပြည်နယ်ဓာတ်ပုံဆရာများအသင်း၊ ယူနန်ပြည်နယ်စာရေးဆရာများအသင်းတို့မှ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

ယခုအကြိမ်ပြိုင်ပွဲအတွက် ဓာတ်ပုံ၊ ဆောင်းပါးများခေါ်ယူရန်အချိန်မှာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့အထိဖြစ်သည်။ ယင်းပြိုင်ပွဲကြီးသည် ထူးချွန်သောဓာတ်ပုံ၊ ဆောင်းပါးများအတွက် လူမှုယဉ်ကျေးမှုဓာတ်ပုံဆု၊ သဘာဝဓာတ်ပုံဆု၊ ဆောင်းပါးဆုဟူ၍(၃)မျိုးခွဲထားပါသည်။ ပထမဆုအတွက် တစ်ဦးရွေးချယ်သွားမည်ဖြစ်ပြီး တစ်ဦးလျှင် ဆုငွေ ယွမ် ၅၀၀၀၊ ဒုတိယဆု အတွက် ငါးဦးရွေးချယ်သွားမည်ဖြစ်ပြီး တစ်ဦးလျှင် ဆုငွေ ယွမ် ၃၀၀၀၊ တတိယဆုအတွက် ဆယ်ဦးရွေးချယ်သွားမည်ဖြစ်ပြီး တစ်ဦးလျှင် ဆုငွေ ယွမ် ၁၀၀၀၊ ထူးချွန်ဆုအတွက် (၂၀)ဦးရွေးချယ်သွားမည်ဖြစ်ပြီး တစ်ဦးလျှင် ဆုငွေ ယွမ် ၅၀၀ တို့ကို အသီးသီးချီးမြှင့်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲကြီးအတွက် သီးသန့်အီးမေးလ်လိပ်စာဖွင့်လှစ်ပေး၍ "နာမည် + ဆက်သွယ်ရန်ဖုန်းနံပါတ် + ဓာတ်ပုံ (ဆောင်းပါး)ခေါင်းစဉ်"ကို အီးမေးလ်အမည်အဖြစ်ထားပြီး အောက်ဖော်ပြပါလိပ်စာသို့ ပေးပို့လိုက်ပါ။

kunmingbangkok@163.com

ပြိုင်ပွဲကျင်းပရေးကော်မတီ



# သင်နှင့်အတူ နေချင်လှသည်

နွေခေါင်ခေါင်ကာလမှ ရာသီဥတုသည် လျှပ်တစ်ပြက်ပြောင်းလဲတတ်သည်။ ညနေခင်းလေပြေ တခဏတိုက်ခတ်ပြီးသည့်နောက် ကောင်းကင်တွင် တိမ်ပွင့်များသည် ဟိုတစ်ပွင့်ဒီတစ်ပွင့် ထွက်ပေါ်လာပြီး တစ်ကွဲတစ်ပြားစီရှိနေခြင်းမှ တိမ်ထူတိမ်ထပ်များအဖြစ် တစတစ စုဝေးလာတော့သည်။ နတ်ခွေးကဲ့သို့ ကောင်းကင်တဝန်းလုံးတွင် သဝေထိုးနေသည်။ ယင်းသည် ယူနန်အလယ်ပိုင်းရှိ လတ္တီတွဒ်ဒီဂရီနိမ့်ပျပ်ရာကုန်းမြင့်ဒေသတွင် မိုးရာသီသို့ ဝင်သွားသောလက္ခဏာပင်ဖြစ်သည်။

ကူမင်း-ဘန်ကောက်အပြည်ပြည်ဆိုင်ရာလမ်းမကြီးသည် တရုတ်ကုန်းတွင်းပိုင်းမှ အရှေ့တောင်အာရှနိုင်ငံများနှင့် ဆက်သွယ်ထားသည့် အရေးပါလှသောလမ်းပန်းဆက်သွယ်ရေး သွေးကြောမတစ်ကြောင်းဖြစ်သည်။ အာရှကုန်းလမ်းကွန်ရက်၏အရေးပါလှသောအစိတ်အပိုင်းဖြစ်သည်။ တရုတ်-အာဆီယံလွတ်လပ်စွာကုန်သွယ်ရေးဇုန်နှင့် မဟာမဲခေါင်ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးတွင် အလေးပေးသောစီမံကိန်းတစ်ရပ်ဖြစ်သည်။ ပေါင်းကူးတံတားမဟာဗျူဟာမူဘောင်အောက်တွင် တရုတ်နိုင်ငံယူနန်ပြည်နယ်မှပြည်ပနှင့်ချိတ်ဆက်ထားသော အလေးပေးကုန်းလမ်း(၄)လမ်းအနက် တစ်လမ်းလည်းဖြစ်သည်။ တရုတ်နိုင်ငံ၏ပထမဆုံးသောအပြည်ပြည်ဆိုင်ရာအဝေးပြေးလမ်းမကြီးအဖြစ် ၂၀၀၈ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် တစ်လမ်းလုံးဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယင်းလမ်းမကြီးသည် စုစုပေါင်း ကီလိုမီတာ(၁၈၀၀)ကျော် ရှည်လျားသည်ဟုပြောသံကြားရသည်။ ကူမင်းမြို့ကွမ်းဒုမြို့နယ်မင်ချွမ်ရွာမှစတင်ပြီး ယုရှီးမြို့၊ ဖူးလ်မြို့မှတဆင့် စစ်ဆောင်ပန်နားပြည်နယ်ခွဲ မော်ဟန်းနယ်စပ်ဂိတ်မှ လာအိုနိုင်ငံအတွင်းသို့ ဝင်ရောက်သွားသည်။ ထို့နောက် ဟွေစိုက်မှတဆင့် ထိုင်းနိုင်ငံချင်ခိုင်သို့ ဝင်ရောက်၍ နောက်ဆုံးတွင် ဘန်ကောက်မြို့သို့ ရောက်ရှိသွားသည်။ သို့သော် ကျွန်တော့်လုပ်ငန်းတာဝန်သည် တရုတ်ပြည်တွင်း၌သာလုပ်ကိုင်ရခြင်းပင်ဖြစ်သည်။ အတိအကျပြောရလျှင် လက်ဖဝါးလောက်သာသေးငယ်သောယုရှီးမြို့နယ်မြေအတွင်း၌ လုပ်ကိုင်ရခြင်းဖြစ်သည်။ လူသိများလှသော အာဆီယံလမ်းမကြီးဟူ၍ လုံးဝမမြင်ခဲ့ဖူးပါ။



ကူမင်း-ဘန်ကောက်လမ်းမကြီးပေါ်ရှိ သဘာဝအလှအပ

အထက်တန်းကျောင်းအောင်ပြီးသည်နှင့် ကျွန်တော်သည် သက်ကြီးဝါကြီးများ အသုံးပြုခဲ့သောအနီရောင်လုံခြုံရေးဦးထုပ်ကိုဆောင်း၊ လိမ္မော်ရောင်ဂျက်ကင်ကိုဝတ်ပြီး လမ်းစောင့်တစ်ဦးလုပ်တော့သည်။ အလုပ်ဝင်လုပ်ပြီး မကြာလှသည့်အချိန်တွင် ပါတီ၏(၁၁)ကြိမ်မြောက် တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးကျင်းပပြီးဖြစ်သည့် နွေဦးလေပြေသည် ယုရှီးမြို့သို့ တိုက်လာခဲ့သည်။ ယခင်က မြင်းလှည်းလမ်း၊ ကျောက်ချောလမ်းမှ ယခု ကတ္တရာလမ်း၊ အဝေးပြေးလမ်းအထိ ဖောက်လုပ်နိုင်ခဲ့သည်။ လမ်းဖောက်သူ၊ လမ်းစောင့်သူ၊ လမ်းသွားသူတို့၏ ပုံပြင်များသည်လည်း ကုန်းလမ်းအခြေအနေ ပြောင်းလဲလာသည်နှင့်အမျှ အဆက်မပြတ် ထွက်ပေါ်လာလျက်ရှိနေသည်။ ထောင်စုနှစ်မတိုင်မီက ယူနန်ပြည်နယ်အစိုးရပို့ဆောင်ရေးဦးစီးဌာနသည် ယူနန်ဟုန်ထာအုပ်စုနှင့် သဘောတူစာချုပ်ချုပ်ဆိုခဲ့ပြီး နှစ်ဦးနှစ်ဘက်တို့က ငွေထုတ်၍ မူလ ကူမင်း-ယုရှီးအဆင့်(၂)ကားလမ်းကို အဝေးပြေးလမ်းမကြီးအဖြစ် ပြုပြင်ဖောက်လုပ်ရန် ဆုံးဖြတ်လိုက်သည်။ ဤသည်ကား ကူမင်း-ယုရှီးအဝေးပြေးလမ်းမကြီးဖြစ်သည်၊ ကူမင်း-ဘန်ကောက်အပြည်ပြည်ဆိုင်ရာလမ်းမကြီး၏အစပြုရာလမ်းပိုင်းလည်းဖြစ်သည်။ ယင်းလမ်းမသည် ယုရှီးမြို့ကောင်းချမ်းရွာအထိ ပေါက်နိုင်ပြီး စုစုပေါင်း(၈၅. ၇၁)ကီလိုမီတာသာ ရှည်လျားသော်လည်း ထိုအချိန်တုန်းက ယူနန်ပြည်နယ်အတွင်း ပထမဆုံးသော(၆)လမ်းသွားအဝေးပြေးလမ်းမကြီးဖြစ်သည်။ တရုတ်ဆောက်လုပ်ရေးလုပ်ငန်းအသင်းမှ ချီးမြှင့်သောဆောက်လုပ်ရေးပရောဂျက်လူပန်ဆုကိုပင်ရရှိခဲ့ဖူးပါသည်။

လမ်းစောင့်အဖြစ် လုပ်ငန်းခွင်သို့ပြန်ရောက်သွားသော် ကူမင်း-ဘန်ကောက်အပြည်ပြည်ဆိုင်ရာလမ်းမကြီးပေါ်တွင် ယာဉ်ရထားများ စည်ကားစွာ ဥဒဟိုသွားလာနေသည်ကို တွေ့ရတော့သည်။ စီးပွားရေးသမားများသည် ထက်မြက်ချက်ချာလှပါကြောင်း၊ ဘန်ကောက်-ကူမင်းအသွားအပြန်ခရီးအတွက် လေယာဉ်လက်မှတ်ဖိုး ယွမ်(၆၀၀၀)ကျော် ပေးရမှာဖြစ်ပါကြောင်း၊ သို့သော်လည်း ကူမင်း-ဘန်ကောက်အပြည်ပြည်ဆိုင်ရာလမ်းမကြီးဖြင့်သွားလျှင် ဘန်ကောက်မြို့မှ ယူနန်ပြည်နယ်ကျင်ဟုန်မြို့သို့ ပြန်လျှင် ယွမ်(၁၀၀၀)ကျော်သာ ကုန်ကျမှာဖြစ်ကြောင်း ပြောသံကြားရသည်။ ကံကောင်းပါက သူများနှင့်ပေါင်းစပ်၍ ကားစီးနိုင်လျှင် သို့မဟုတ် အခမဲ့ ကားလိုက်နိုင်လျှင် မနည်းလှသောအကုန်အကျများကို ချွေတာနိုင်မည်ဖြစ်သည်။ ကိုယ်ပိုင်ယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ မောင်းသွားလျှင် ကိုယ်ပိုင်ယာဉ်အတွက် နိုင်ငံကူးလက်မှတ်လျှောက်တင်ရခြင်းသည် အလွန်ရှုပ်ထွေးပါကြောင်း အချို့က ပြောခဲ့သည်။ မော်တော်ယာဉ်အတွက် နိုင်ငံကူးလက်မှတ်ကိုပင် လျှောက်တင်ရန်လိုအပ်ပါကလား။ ကျွန်တော်သည် နိုင်ငံကူးလက်မှတ်ကို လူသားအတွက် အသုံးပြုရသည်ကိုသာကြားဖူးသည်။ အဘယ်ကြောင့် မော်တော်ယာဉ်ကလည်း နိုင်ငံကူးလက်မှတ်လျှောက်ပေးရသနည်း။ ၎င်းတို့သည် မည်သည့်အကြောင်းမှ နားမလည်သော ကျွန်တော့်အား တရုတ်၊ လာအို၊ ထိုင်း သုံးနိုင်ငံတို့အကြား အဆင်ပြေလွယ်ကူစွာပို့ဆောင်စေရေးဆိုင်ရာ သဘောတူညီချက်စသည်များကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်နိုင်မှာ မဟုတ်သေးဘဲ အချို့သော နည်းပညာပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်လိုအပ်နေသေးကြောင်း၊ တရုတ်နိုင်ငံမှ ကုန်တင်ကားများသည် လာအိုနိုင်ငံသို့ မောင်းနှင်သွားပြီးနောက် ထိုင်း-လာအိုနယ်စပ်တွင် ထိုင်းနိုင်ငံမှ ကုန်တင်ကားများဖြင့် ပြောင်းတင်ပေးရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံမှ ကုန်တင်ကားများသည် တရုတ်-လာအိုနိုင်ငံနယ်စပ်သို့ မောင်းနှင်လာသည့်အခါလည်း တရုတ်နိုင်ငံမှကုန်တင်ကားများဖြင့် ပြောင်းတင်ပေးရမည်ဖြစ်ကြောင်း ရှင်းပြလိုက်သည်။ နောက်ပိုင်းတွင် လာအိုနိုင်ငံဟွေစိုက်တံတားဆောက်လုပ်ပြီး ဖွင့်လှစ်ခဲ့သဖြင့် ရှေ့သို့ဆက်တက်ရန်တားမြစ်နေသော အထက်ပါပြနာများကို လွယ်လင့်တကူ ပြေလည်သွားတော့သည်။

လမ်းခင်းကျောက် ဆိုသည်မှာ လမ်းမအတွက် သစ္စာရှိခြင်း၊ ပေးဆက်ခြင်း၊ ကတိမှန်ခြင်း၏အမှတ်လက္ခဏာဖြစ်သည်။ ကျွန်တော်သည် ကူမင်း-ဘန်ကောက်အပြည်ပြည်ဆိုင်ရာလမ်းမကြီးနှင့် နေချင်လှသည့်လမ်းခင်းကျောက်တစ်လုံးပင်ဖြစ်သည်။ ယင်းအပြည်ပြည်ဆိုင်ရာလမ်းမကြီးသည် ချောချောမောမော ရှိပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဆောင်းပါး - လီဝင်စန်း